**CHIN NATIONAL FRONT**
General Headquarters
Chinland
Website: www.cnfhqr.com Email: cnf.headquarters@gmail.com

# ထန်တလန်မြို့နယ်၊ ခွါဖို ( Khua Fo ) ကျေးရွာအား
# စစ်ကောင်စီမှ အကြမ်းဖက် ဗုံးကြဲမှုအပေါ်
# ထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့

၁။ အကြမ်းဖက်စစ် ကောင်စီက ထန်တလန်မြို့နယ်၊ ခွါဖို ကျေးရွာအတွင်း မတ်လ (၃၀) ရက်နေ့ နံနက် (၁၀း ၀၀) နာရီခန့် ၌ လေကြောင်းဖြင့် (၄) ကြိမ် ဗုံးကြဲတိုက်ခိုက်ရာ အပြစ်မဲ့ ချင်းပြည်သူ (၈) ဦး ( ကျား ၃  ဦး၊ မ ၅ ဦး ) သေဆုံးပြီး အရပ်သားပြည်သူ (၁၁) ဦး ( ကျား ၇ ဦး၊ မ ၄ ဦး) ဒါဏ်ရာရရှိသည့် အပြင် လူနေအိမ်ခြေ (၁၃) ဆောင် မီးလောင် ပျက်စီးခဲ့သည်။

၂။ အကြမ်းဖက်စစ်ကောင်စီ၏ အပြစ်မဲ့ပြည်သူများအပေါ် လူမဆန်စွာ အကြမ်းဖက်ဗုံးကြဲသတ်ဖြတ်သည့် စက်ဆုပ်ဖွယ်လုပ်ရပ်သည် စစ်ရာဇဝတ်မှုကို ပြောင်ပြောင်တင်းတင်း ကျူးလွန်ချိုးဖောက်ခြင်းဖြစ်ပြီး ရည်ရွယ်ချက်ရှိရှိဖြင့် လူမျိုးသုဉ်းသတ်ဖြတ်ခြင်းဖြစ်သဖြင့် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချသည်။ အကြမ်းဖက်စစ်ကောင်စီအား  နိုင်ငံတကာ မိသားစုမှ ဝိုင်းဝန်း အရေးယူ အပြစ်ပေးမှုများ ပြုလုပ်ကြပါရန် အလေးအနက် တောင်းဆိုသည်၊

၃။ CNF/CNA သည် အကြမ်းဖက်စစ်ကောင်စီအား နည်းလမ်းပေါင်းစုံဖြင့် တိုက်ခိုက်ချေမှုန်းသွားမည်။ နိုင်ငံရေးခံယူချက်/ဦးတည်ချက်တူညီသော တိုင်းရင်းသားညီနောင်မဟာမိတ်များ၊ NUG အစိုးရ၊ နွေဦးတော်လှန်ရေးလက်နက်ကိုင်အင်အားစုများနှင့်အတူ စစ်အာဏာရှင်စနစ် ကျဆုံးသည်အထိ အဆုံးတိုင် တိုက်ပွဲဝင်သွားမည်။

၄။ ခွါဖိုရွာ အကြမ်းဖက်မှုအတွင်း အသက်ဆုံးပါးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ ၏ မိသားစုများ၊ ရပ်ဆွေရပ်မျိုးများနှင့် ထပ်တူ ဝမ်းနည်းကြောင်း နှင့် ဘုရားရှင်ထံမှ စိတ်နှလုံးငြိမ်သက်ခြင်း သက်ရောက်စေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

သတင်းနှင့် ပြန်ကြားရေးဌာန
ချင်းအမျိုးသားတပ်ဦး